# လေ့လာရေး

လူရှင်တော်တစ်ဦးရဲ့အိမ်ကို သူ့မိတ်ဆွေအလည်ရောက်လာပါတယ်။ ရောက်ရောက်ချင်းပဲ ဧည့်သည်က

"ငါတစ်ညတည်းမယ်ကွာ။ ဒါပေမဲ့ မင်းအိမ်က ကြွက်ပိုးအတော်သောင်းကျန်းတယ်ကြားတယ်ကွ"

ပြောနေတုန်းမှာ စားပွဲကြားက ကြွက်ပိုးတစ်ကောင် ထွက်လာပြီး လှစ်ခနဲ ပြန်ဝင်ပြေးသွားတယ်။

"ဟော...ဟော....အခုကို တစ်ကောင်ထွက်လာပြီ။ ညတော့ အိပ်လို့ရပါ့မလားကွာ...." ဆိုတော့ လူရှင်တော်က

"စိတ်မပူပါနဲ့ကွာ....သူတို့က အရမ်းမကိုက်ပါဘူး။ အဲဒီကောင်ကို အရင်စုံစမ်းရေးလွှတ်လိုက်တာ။ မင်းမှာ သူတို့ကိုက်လောက်တဲ့ အဆီအသားရှိ–မရှိ ချက်ချင်းပြန်သတင်းပို့တာသာကြည့်တော့..."

လို့ပြောလိုက်သတဲ့။

❑

# ရက်စက်လိုက်ပုံ

လျှပ်စစ်လိုင်းများ ပြုပြင်ရန် ဓာတ်တိုင်ပေါ်တွင် တက်နေသည့် တပည့်ကို အောက်မှ ဆရာဖြစ်သူက

ဆရာ– တပည့်ရေ မင်းညာဘက်က ဝါယာကြိုးကို ကိုင်လိုက်စမ်းဟေ့။

တပည့်– ကိုင်လိုက်ပြီဆရာ ဘာမှမဖြစ်ဘူး။

ဆရာ– အေး ဒါဖြင့် ဘယ်ဘက်ကကြိုးကို မကိုင်နဲ့။ ဘယ်လိုင်းက ဓာတ်အား လွှတ်ထားမှန်း ဆရာမသိလို့ကွ။

❑